## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# COVID–19 ရောဂါဖြစ်ပွားမှု ခြုံငုံသုံးသပ်မှုအခြေအနေ

# (၁၉–၈–၂၀၂၀ ရက်နေ့)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်မှုများကို ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ (https://mohs.gov.mm/Main/content/publication/2019-ncov) တွင် အချိန်နှင့် တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါသည်။

၁။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ

၂။ နေ့စဉ် COVID-19 ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ကူးစက်မှုအမျိုးအစား

၃။ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

၄။ (က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုသည့် နေရာအရေအတွက်

(ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုနေသူဦးရေ

၅။ တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များ၏ COVID-19 ရောဂါတွေ့ရှိခဲ့မှု အခြေအနေ

၆။ (က) COVID-19 ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံ (၁၀) နိုင်ငံ၏ အခြေအနေ

(ခ) အာရှနိုင်ငံအချို့၏ COVID-19 ရောဂါ ဖြစ်ပွားမှုအခြေအနေ

၇။ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှုအခြေအနေ

၈။ COVID-19 နှင့်ပတ်သက်၍ အရှယ်ရောက်ပြီးသော မြန်မာလူမျိုးများ၏ ရောဂါအန္တရာယ်နှင့်ပတ်သက်သော သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်သော အသိအမြင်ကို လေ့လာသော သုတေသနစာတမ်း

၉။ အထွေထွေ

၁၀။ ပြည်သူများဝင်ရောက်ကြည့်ရှုသင့်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ အင်တာနက်လိပ်စာ Link များ-

(က) Myanmar COVID-19 Surveillance Dashboard

Mobile View: https://bit.ly/2W0cmeE

Desktop View: https://bit.ly/2KCvZnQ

(ခ) မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပြ အစီရင်ခံစာများ (Situation Reports) https://mohs.gov.mm/page/9575

(ဂ) ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် COVID-19 ဆိုင်ရာ ကျန်းမာရေးအသိပညာများ https://mohs.gov.mm/Main/content/publication/2019-ncov

(ဃ) ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ
https://mohs.gov.mm/Main/content/publication/2019-ncov

(င) COVID-19 စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များ (၂၄-၁-၂၀၂၀) ရက်နေ့မှ (၁၃-၈-၂၀၂၀) ရက်နေ့အထိ https://mohs.gov.mm/page/11921

## ၁။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ


### (၁၉-၈-၂၀၂၀) ရက်နေ့၊ နံနက် (၇) နာရီ

- ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း = ၃၇၉ ဦး
- စုစုပေါင်းသေဆုံးသူ = ၆ ဦး
- (၂) ကြိမ်ဆက် ပိုးမတွေ့ရှိရသူ = ၃၃၂ ဦး
- လက်ရှိဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသောလူနာ = ၄၄ ဦး
- (၂) ကြိမ်ပိုးမတွေ့၍ ဆေးရုံဆင်းသူ = ၃၂၉ ဦး

## ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိသည့် COVID-19 လူနာစာရင်း

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြု လူနာဦးရေ (ဦး) |
|---|---|---|
| ၁။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၈ |
| ၂။ | တောင်ဥက္ကလာပအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၈ |
| ၃။ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | ၄ |
| ၄။ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၃ |
| ၅။ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၁ |
| **စုစုပေါင်း** | | **၄၄** |

၂။ နေ့စဉ် COVID-19 ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှုနှင့် ကူးစက်မှုအမျိုးအစား (၂၃-၃-၂၀၂၀) ရက်နေ့မှ (၁၉-၈-၂၀၂၀)ရက်နေ့အထိ



## ၃။ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၉-၈-၂၀၂၀ ရက်နေ့၊ နံနက် ၇ နာရီအထိ)

| စစ်ဆေးသည့်ရက်စွဲ | စောင့်ကြည့်လူနာ (PUI) | | အသွားအလာကန့်သတ်ထားရှိသူ | | ပိုးတွေ့လူနာဖြင့် အနီးကပ်ထိတွေ့သူ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ |
| (၃-၂-၂၀၂၀)မှ (၁၃-၈-၂၀၂၀) အထိ | ၇,၆၅၈ | ၆၃ | ၁၂၁,၀၈၆ | ၁၉၇ | ၃၅၅၅ | ၁၀၉ | ၁၃၂,၂၉၉ | ၃၆၉ |
| (၁၄-၈-၂၀၂၀) | ၂၆ | ၀ | ၁,၇၁၀ | ၅ | ၀ | ၀ | ၁,၇၃၆ | ၅ |
| (၁၅-၈-၂၀၂၀) | ၁၈ | ၀ | ၁,၃၄၉ | ၀ | ၀ | ၀ | ၁,၃၆၇ | ၀ |
| (၁၆-၈-၂၀၂၀) | ၁၆ | ၁ | ၇၃၅ | ၀ | ၀ | ၀ | ၇၅၁ | ၁ |
| (၁၇-၈-၂၀၂၀) | ၃၀ | ၀ | ၁,၅၆၆ | ၁ | ၀ | ၀ | ၁,၅၉၆ | ၁ |
| (၁၈-၈-၂၀၂၀) | ၃၅ | ၁ | ၁,၇၃၀ | ၂ | ၀ | ၀ | ၁,၇၆၅ | ၃ |
| စုစုပေါင်း | ၇,၇၈၃ | ၆၅ | ၁၂၈,၁၇၆ | ၂၀၅ | ၃,၅၅၅ | ၁၀၉ | ၁၃၉,၅၁၄ | ၃၇၉ |

မှတ်ချက်။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုအရ (1st Sample စစ်ဆေးမှု)

- စောင့်ကြည့်လူနာများတွင် ပိုးတွေ့ရှိမှုနှုန်း - ၀.၈၄ %
- အသွားအလာကန့်သတ်ထားရှိသူများတွင် ပိုးတွေ့ရှိမှုနှုန်း - ၀.၁၆ %
- ပိုးတွေ့ လူနာဖြင့် အနီးကပ်ထိတွေ့သူ ပိုးတွေ့ရှိမှုနှုန်း - ၃.၀၇ %

## ၄။ (က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုသည့် နေရာအရေအတွက် (၁၇-၈-၂၀၂၀) ရက်နေ့ (၁၇:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသ ကြီး/ ပြည်နယ် | အသွားအလာကန့်သတ်သည့် နေရာအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|
| | | ၁၂/၈ | ၁၃/၈ | ၁၄/၈ | ၁၅/၈ | ၁၆/၈ | ၁၇/၈ |
| ၁။ | မကွေး | ၄၀၇ | ၄၀၇ | ၄၀၇ | ၄၀၇ | ၄၀၇ | ၄၀၇ |
| ၂။ | စစ်ကိုင်း | ၁၆၉ | ၁၆၉ | ၁၆၉ | ၁၆၈ | ၁၆၈ | ၁၆၈ |
| ၃။ | ကရင် | ၃၆၇ | ၃၇၆ | ၃၇၀ | ၃၇၆ | ၃၈၀ | ၃၈၅ |
| ၄။ | ကချင် | ၁၁၁ | ၁၁၁ | ၉၁ | ၉၁ | ၉၁ | ၉၃ |
| ၅။ | ရခိုင် | ၂၃၁ | ၂၂၂ | ၂၁၇ | ၂၂၀ | ၂၁၈ | ၂၁၅ |
| ၆။ | ပဲခူး | ၁၉၈ | ၁၉၂ | ၁၉၀ | ၁၈၈ | ၁၈၇ | ၁၈၇ |
| ၇။ | မွန် | ၂၂၄ | ၂၀၅ | ၁၉၇ | ၂၁၅ | ၂၁၅ | ၂၁၄ |
| ၈။ | ရှမ်း (မြောက်) | ၂၆၃ | ၂၆၃ | ၂၆၃ | ၂၆၃ | ၂၆၅ | ၂၆၅ |
| ၉။ | တနင်္သာရီ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ |
| ၁၀။ | ဧရာဝတီ | ၁၀၈ | ၉၈ | ၉၉ | ၇၂ | ၇၂ | ၇၃ |
| ၁၁။ | ရှမ်း (တောင်) | ၇၉ | ၇၉ | ၈၁ | ၈၁ | ၈၁ | ၈၀ |
| ၁၂။ | မန္တလေး | ၆၇ | ၆၁ | ၆၂ | ၆၂ | ၆၆ | ၆၉ |
| ၁၃။ | ရန်ကုန် | ၆၆ | ၆၆ | ၆၆ | ၆၇ | ၆၇ | ၆၇ |
| ၁၄။ | ကယား | ၁၈ | ၁၈ | ၁၈ | ၁၈ | ၁၈ | ၁၈ |
| ၁၅။ | ချင်း | ၁၉ | ၁၉ | ၁၈ | ၁၈ | ၁၈ | ၁၈ |
| ၁၆။ | ရှမ်း (အရှေ့) | ၇ | ၇ | ၇ | ၇ | ၇ | ၇ |
| ၁၇။ | နေပြည်တော် | ၂ | ၂ | ၂ | ၃ | ၃ | ၃ |
| | **စုစုပေါင်း** | **၂,၅၂၅** | **၂,၃၉၀** | **၂,၄၄၆** | **၂,၄၄၅** | **၂,၄၅၂** | **၂,၄၉၈** |

## ၄။ (ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုနေသူဦးရေ (၁၇-၈-၂၀၂၀) ရက်နေ့ (၁၇:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အသွားအလာကန့်သတ်သည့် ဦးရေ | | | | | |
|---|---|---|---|---|---|---|---|
| | | ၁၂/၈ | ၁၃/၈ | ၁၄/၈ | ၁၅/၈ | ၁၆/၈ | ၁၇/၈ |
| ၁။ | ရန်ကုန် | ၄,၀၃၉ | ၄,၀၃၂ | ၄,၀၂၇ | ၄,၂၅၅ | ၄,၄၉၁ | ၄,၅၄၉ |
| ၂။ | မွန် | ၂,၇၃၄ | ၂,၆၄၆ | ၂,၅၈၈ | ၂,၅၉၆ | ၂,၆၂၄ | ၂,၆၉၉ |
| ၃။ | ကရင် | ၂,၅၂၃ | ၂,၅၅၀ | ၂,၅၁၀ | ၂,၃၇၇ | ၂,၄၁၁ | ၂,၄၅၅ |
| ၄။ | ပဲခူး | ၂,၅၆၈ | ၂,၅၆၉ | ၂,၅၁၀ | ၂,၄၅၂ | ၂,၄၄၇ | ၂,၄၄၇ |
| ၅။ | တနင်္သာရီ | ၁,၆၁၃ | ၁,၅၉၇ | ၁,၅၈၇ | ၁,၅၄၄ | ၁,၆၇၃ | ၁,၆၄၈ |
| ၆။ | မကွေး | ၁,၂၁၆ | ၁,၂၁၆ | ၁,၂၁၆ | ၁,၂၁၆ | ၁,၂၁၆ | ၁,၂၁၆ |
| ၇။ | မန္တလေး | ၁,၀၁၅ | ၉၇၁ | ၉၃၄ | ၉၅၄ | ၉၈၃ | ၉၇၇ |
| ၈။ | စစ်ကိုင်း | ၈၇၉ | ၉၂၁ | ၉၁၁ | ၉၁၉ | ၉၁၈ | ၉၀၅ |
| ၉။ | ရခိုင် | ၆၆၅ | ၆၅၂ | ၆၄၅ | ၆၅၇ | ၆၅၂ | ၆၆၃ |
| ၁၀။ | ရှမ်း (တောင်) | ၆၇၄ | ၆၇၄ | ၆၄၃ | ၆၀၁ | ၆၀၃ | ၆၁၁ |
| ၁၁။ | ဧရာဝတီ | ၆၆၂ | ၆၀၇ | ၅၉၂ | ၅၈၉ | ၅၈၀ | ၅၄၂ |
| ၁၂။ | ကချင် | ၄၃၆ | ၄၂၅ | ၄၁၇ | ၄၅၅ | ၄၄၈ | ၄၄၇ |
| ၁၃။ | နေပြည်တော် | ၃၃၆ | ၃၂၃ | ၃၀၂ | ၃၁၃ | ၃၀၈ | ၃၁၄ |
| ၁၄။ | ရှမ်း (မြောက်) | ၁၂၂ | ၁၂၀ | ၁၁၄ | ၁၁၄ | ၁၁၀ | ၁၁၀ |
| ၁၅။ | ကယား | ၈၇ | ၉၁ | ၈၈ | ၉၀ | ၉၁ | ၈၈ |
| ၁၆။ | ချင်း | ၅၆ | ၅၃ | ၅၆ | ၅၈ | ၆၀ | ၅၈ |
| ၁၇။ | ရှမ်း (အရှေ့) | ၄၄ | ၄၆ | ၄၅ | ၄၈ | ၄၈ | ၄၇ |
| **စုစုပေါင်း** | | **၁၉,၆၆၉** | **၁၉,၄၉၃** | **၁၉,၁၃၉** | **၁၉,၂၃၈** | **၁၉,၆၆၃** | **၁၉,၇၇၆** |

သတ်မှတ်ကာလ (၂၁) ရက် ပြီးဆုံးသူများအား နေအိမ်၌ (၇)ရက် ဆက်လက် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

## ၅။ တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များ၏ COVID-19 ရောဂါတွေ့ရှိခဲ့မှု အခြေအနေ (၁၉-၈-၂၀၂၀) နံနက် ၇ နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | | မြို့နယ် | ပိုးတွေ့လူနာ ဦးရေ | ရောဂါပိုးကင်းစင်သူ ဦးရေ | သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁ | အင်းစိန် | ၅၂ | ၅၁ | |
| | | ၂ | လှိုင် | ၃၇ | ၂၄ | |
| | | ၃ | မိုလ်တထောင် | ၂၂ | ၁၇ | ၁ |
| | | ၄ | မရမ်းကုန်း | ၂၀ | ၁၉ | ၁ |
| | | ၅ | ကမာရွတ် | ၁၈ | ၁၅ | |
| | | ၆ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၅ | ၁၄ | |
| | | ၇ | တောင်ဥက္ကလာပ | ၁၃ | ၁၃ | |
| | | ၈ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၁၂ | ၉ | |
| | | ၉ | တာမွေ | ၁၀ | ၁၀ | |
| | | ၁၀ | ဗဟန်း | ၁၀ | ၉ | |
| | | ၁၁ | မင်္ဂလာဒုံ | ၁၁ | ၈ | |
| | | ၁၂ | ပန်းဘဲတန်း | ၇ | ၆ | ၁ |
| | | ၁၃ | လှည်းကူး | ၆ | ၆ | |
| | | ၁၄ | လှိုင်သာယာ | ၅ | ၅ | |
| | | ၁၅ | ကျောက်တံတား | ၅ | ၂ | |
| | | ၁၆ | ရွှေပြည်သာ | ၃ | ၃ | |
| | | ၁၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၂ | ၂ | |
| | | ၁၈ | ဒေါပုံ | ၂ | ၂ | |
| | | ၁၉ | မင်္ဂလာတောင်ညွန့် | ၂ | ၁ | ၁ |
| | | ၂၀ | မြောက်ဥက္ကလာပ | ၂ | ၁ | ၁ |
| | | ၂၁ | စမ်းချောင်း | ၂ | ၂ | |
| | | ၂၂ | သာကေတ | ၂ | ၂ | |
| | | ၂၃ | အလုံ | ၂ | ၂ | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | | ပိုးတွေ့လူနာဦးရေ | ရောဂါပိုးကင်းစင်သူဦးရေ | သေဆုံးသူဦးရေ |
|---|---|---|---|---|---|---|
| | | ၂၄ | သင်္ဃန်းကျွန်း | ၂ | ၂ | |
| | | ၂၅ | ဒဂုံ | ၂ | ၁ | |
| | | ၂၆ | မှော်ဘီ | ၁ | ၁ | |
| | | ၂၇ | ပုဇွန်တောင် | ၁ | ၁ | |
| | | ၂၈ | ကျောက်တန်း | ၁ | ၁ | |
| | | ၂၉ | တွံတေး | ၁ | ၁ | |
| ၂ | ပဲခူးတိုင်းဒေသကြီး | ၁ | ပေါက်ခေါင်း | ၄ | ၃ | ၁ |
| | | ၂ | ပြည် | ၃ | ၃ | |
| | | ၃ | ညောင်လေးပင် | ၁ | ၁ | |
| | | ၄ | ပဲခူး | ၁ | ၁ | |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၁ | ကလေး | ၇ | ၆ | |
| | | ၂ | စစ်ကိုင်း | ၃ | ၃ | |
| ၄ | ချင်းပြည်နယ် | ၁ | တီးတိန် | ၁၀ | ၈ | |
| | | ၂ | တွန်းဇံ | ၃ | ၂ | |
| | | ၃ | ဟားခါး | ၁ | ၁ | |
| | | ၄ | ထန်တလန် | ၁ | ၁ | |
| | | ၅ | မင်းတပ် | ၁ | ၁ | |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၁ | ချမ်းမြသာစည် | ၁ | ၁ | |
| | | ၂ | အောင်မြေသာစံ | ၁ | ၁ | |
| | | ၃ | မတ္တရာ | ၁ | ၁ | |
| | | ၄ | အမရပူရ | ၁ | ၁ | |
| ၆ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၁ | မိုင်းဖြတ် | ၁ | ၁ | |
| | | ၂ | တာချီလိတ် | ၂ | ၂ | |
| | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁ | တောင်ကြီး | ၂ | ၂ | |
| | | ၂ | ရွာငံ | ၁ | ၁ | |
| | | ၃ | ဆီဆိုင် | ၁ | ၁ | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | | ပိုးတွေ့လူနာဦးရေ | ရောဂါပိုးကင်းစင်သူဦးရေ | သေဆုံးသူဦးရေ |
|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁ | မူဆယ် | ၂ | ၂ | |
| | | ၂ | ကျောက်မဲ | ၁ | ၁ | |
| ၇ | နေပြည်တော် | ၁ | ဇမ္ဗူသီရိ | ၁ | ၁ | |
| | | ၂ | ဇေယျာသီရိ | ၁ | ၁ | |
| ၈ | မကွေးတိုင်းဒေသကြီး | ၁ | မြို့သစ် | ၁ | ၁ | |
| | | ၂ | မကွေး | ၁ | ၁ | |
| | | ၃ | သရက် | ၁ | ၁ | |
| ၉ | ကရင်ပြည်နယ် | ၁ | ဘားအံ | ၂၆ | ၂၆ | |
| | | ၂ | မြဝတီ | ၂ | ၂ | |
| | | ၃ | ကြာအင်းဆိပ်ကြီး | ၁ | ၁ | |
| ၁၀ | ရခိုင်ပြည်နယ် | ၁ | မောင်တော | ၉ | ၉ | |
| | | ၂ | သံတွဲ | ၁ | ၁ | |
| | | ၃ | တောင်ကုတ် | ၁ | ၁ | |
| | | ၄ | ဘူးသီးတောင် | ၃ | ၃ | |
| | | ၅ | စစ်တွေ | ၅ | ၁ | |
| | | ၇ | ကျောက်တော် | ၁ | ၁ | |
| ၁၁ | မွန်ပြည်နယ် | ၁ | ကျိုက်မရော | ၁ | ၁ | |
| | | ၂ | မော်လမြိုင် | ၁ | ၁ | |
| ၁၂ | ကချင်ပြည်နယ် | ၁ | မိုးညှင်း | ၁ | ၁ | |
| | | ၂ | မိုးမောက် | ၁ | ၁ | |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး | ၁ | လောင်းလုံ | ၁ | ၁ | |
| | | ၂ | ကော့သောင်း | ၁ | ၁ | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁ | ပုသိမ် | ၂ | ၂ | |
| **စုစုပေါင်း** | | **၇၂ မြို့နယ်** | | **၃၇၉** | **၃၃၂** | **၆** |

- မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များအနက် ကယားပြည်နယ် တစ်ခုတွင်သာ COVID-19 ရောဂါ အတည်ပြုလူနာ မတွေ့ရှိရပါ။
- မြန်မာနိုင်ငံရှိ မြို့နယ် (၃၃၀) အနက် မြို့နယ် (၂၅၈) မြို့နယ်တွင် COVID-19 ရောဂါပိုး တွေ့ လူနာမတွေ့ရှိရပါ။
- COVID-19 ရောဂါ တွေ့ရှိခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များ၏ အခြေပြ မြေပုံကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။
- ယခင်က COVID-19 ဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိခဲ့ပြီး ယခုအချိန်တွင် ရောဂါပိုး ကင်းစင်သွားပြီးဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်း(၁၁)ခုရှိပါသည်။ ၎င်းတို့မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ဖြစ်ပါသည်။

## ၆။ (က) COVID-19 ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံ (၁၀) နိုင်ငံ၏ အခြေအနေ

## (၁၈-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၈:၄၆) အချိန်အထိ

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း) * | ဓာတ်ခွဲ အတည်ပြု လူနာ စုစုပေါင်း | (၂၄) နာရီအတွင်း ဓာတ်ခွဲ အတည်ပြု လူနာ အသစ် | သေဆုံးသူ ဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၉.၁ | ၅,၃၅၄,၀၁၃ | ၄၁,၀၇၃ | ၁၆၈,၉၉၉ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၃,၃၄၀,၁၉၇ | ၂၃,၁၀၁ | ၁၀၇,၈၅၂ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၂,၇၀၂,၇၄၂ | ၅၅,၀၇၉ | ၅၁,၇၉၇ |
| ၄။ | ရုရှ | ၁၄၃.၉ | ၉၃၂,၄၉၃ | ၄,၇၄၈ | ၁၅,၈၇၂ |
| ၅။ | တောင်အာဖရိက | ၅၈.၃ | ၅၈၉,၈၈၆ | ၂,၅၄၁ | ၁၁,၉၈၂ |
| ၆။ | ပီရူး | ၃၂.၉ | ၅၃၅,၉၄၆ | ၁၀,၁၄၃ | ၂၆,၂၈၁ |
| ၇။ | မက္ကဆီကို | ၁၂၈.၉ | ၅၂၂,၁၆၂ | ၄,၄၄၈ | ၅၆,၇၅၇ |
| ၈။ | ကိုလံဘီယာ | ၄၉.၈ | ၄၆၈,၃၃၂ | ၁၁,၆၄၃ | ၁၅,၀၉၇ |
| ၉။ | ချီလီ | ၁၈.၃ | ၃၈၇,၅၀၂ | ၁,၅၅၆ | ၁၀,၅၁၃ |
| ၁၀။ | အီရန် | ၈၄ | ၃၄၅,၄၅၀ | ၂,၂၄၇ | ၁၉,၈၀၄ |

**Source: World Health Organization, UNFPA (World's population data –2019)**

*  UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

**  အတည်ပြုထုတ်ပြန်ထားခြင်း မရှိပါ။

### ၆။ (ခ) အာရှနိုင်ငံအချို့၏ COVID-19 ရောဂါ ဖြစ်ပွားမှုအခြေအနေ (၁၈-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၈:၄၆) အချိန်အထိ

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း) * | ယခုချိန်ထိ ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | လွန်ခဲ့သော (၂၄) နာရီ အတွင်း ဓာတ်ခွဲ အတည်ပြု လူနာအသစ် | ယခုချိန်ထိ သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အိန္ဒိယ | ၁၃၆၈.၇ | ၂,၇၀၂,၇၄၂ | ၅၅,၀၇၉ | ၅၁,၇၉၇ |
| ၂။ | ပါကစ္စတန် | ၂၂၀.၉ | ၂၈၉,၈၃၂ | ၆၁၇ | ၆,၁၉၀ |
| ၃။ | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၇၉,၁၄၄ | ၂,၅၉၅ | ၃,၆၉၄ |
| ၄။ | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၆၄,၄၇၄ | ၃,၂၂၁ | ၂,၆၈၁ |
| ၅။ | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၄၁,၃၇၀ | ၁,၈၂၁ | ၆,၂၀၇ |
| ၆။ | ကာတာ | ၂.၇ | ၁၁၅,၃၆၈ | ၂၈၈ | ၁၉၃ |
| ၇။ | တရုတ် | ၁၄၂၀.၁ | ၈၉,၉၂၆ | ၆၇ | ၄,၇၁၀ |
| ၈။ | ယူအေအီး | ၉.၇ | ၆၄,၅၄၁ | ၂၂၉ | ၃၆၄ |
| ၉။ | ဂျပန် | ၁၂၆.၉ | ၅၆,၆၈၅ | ၁,၀၁၈ | ၁,၁၁၅ |
| ၁၀။ | စင်ကာပူ | ၅.၉ | ၅၅,၈၃၈ | ၉၁ | ၂၇ |
| ၁၁။ | နီပေါ | ၂၉.၉ | ၂၇,၂၄၁ | ၅၈၁ | ၁၀၇ |
| ၁၂။ | ကိုရီးယားသမ္မတနိုင်ငံ | ၅၁.၃ | ၁၅,၇၆၁ | ၂၄၆ | ၃၀၆ |
| ၁၃။ | မလေးရှား | ၃၂.၅ | ၉,၂၁၂ | ၁၂ | ၁၂၅ |
| ၁၄။ | ထိုင်း | ၆၉.၃ | ၃,၃၈၁ | ၃ | ၅၈ |
| ၁၅။ | ဗီယက်နမ် | ၉၇.၄ | ၉၈၃ | ၁၉ | ၂၅ |
| ၁၆။ | မြန်မာ | ၅၄.၃ | ၃၇၉ | ၃ | ၆ |
| ၁၇။ | ကမ္ဘောဒီးယား | ၁၆.၅ | ၂၇၃ | ၀ | ၀ |
| ၁၈။ | ဘူတန် | ၀.၈ | ၁၄၆ | ၅ | ၀ |
| ၁၉။ | လာအို | ၇.၁ | ၂၂ | ၀ | ၀ |

**Source: World Health Organization, UNFPA (World's population data –2019)**

## ၇။ COVID-19 ကာကွယ်၊ထိန်းချုပ်ရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေး ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှုအခြေအနေ

**COVID-19 ရောဂါကာကွယ်ရေးပစ္စည်းများ လက်ခံရရှိ/ဖြန့်ဖြူး/လက်ကျန်စာရင်း**

**(as of 18.8.2020)**

| စဉ် | ပစ္စည်းအမျိုးအမည် | AU | လက်ခံရရှိသော အရေအတွက် | ဖြန့်ဝေပြီး အရေအတွက် | လက်ကျန် အရေအတွက် |
|---|---|---|---|---|---|
| 1 | PPE Coverall | No. | ၃၁၃,၆၁၄ | ၂၆၅,၁၉၃ | ၄၈,၄၂၁ |
| 2 | PPE (Non-Medical Grade) | No. | ၇၁,၅၀၀ | ၆၂,၇၁၀ | ၈,၇၉၀ |
| 3 | PPE Full Set | Set | ၆၁,၈၂၀ | ၁,၇၂၅ | ၆၀,၀၉၅ |
| 4 | N95 Mask | No. | ၁၄၀,၃၆၅ | ၅၇,၇၂၅ | ၈၂,၆၄၀ |
| 5 | KN-95 Mask | No. | ၂၆၁,၅၁၀ | ၂၂၃,၈၃၈ | ၃၇,၆၇၂ |
| 6 | Surgical Mask | No. | ၂၃,၀၀၄,၇၈၀ | ၁၇,၅၇၈,၈၅၀ | ၅,၄၂၅,၉၃၀ |
| 7 | Surgical Gown | No. | ၃၉,၁၂၅ | ၂၁,၇၈၀ | ၁၇,၃၄၅ |
| 8 | Surgical Glove | Pairs | ၄၉၉,၄၀၀ | ၂၁၈,၀၀၀ | ၂၈၁,၄၀၀ |
| 9 | Exam Glove | Box | ၂၂,၅၉၁ | ၁၇,၅၉၁ | ၅,၀၀၀ |
| 10 | Goggle | No. | ၂၀၅,၄၉၉ | ၅၅,၇၃၆ | ၁၄၉,၇၆၃ |
| 11 | Shoe Cover | Pairs | ၆၉,၀၅၁ | ၁၂,၄၀၀ | ၅၆,၆၅၁ |
| 12 | Bleaching Powder (65%, 40kg) | sDru m | ၁,၄၀၅ | ၉၈၃ | ၄၂၂ |
| 13 | Face Shield | No. | ၆၉၂,၈၇၂ | ၅၂၄,၆၀၁ | ၁၆၈,၂၇၁ |
| 14 | Hand Sanitizer 500 ml | Bot | ၂၅၀,၈၆၁ | ၂၁၁,၃၄၃ | ၃၉,၅၁၈ |
| 15 | Non-Contact Thermometer | No. | ၁၅,၉၃၆ | ၁၃,၄၂၅ | ၂,၅၁၁ |
| 16 | Hand Speaker with Memory Stick | No. | ၃၂,၁၇၀ | ၂၄,၄၈၄ | ၇,၆၈၆ |
| 17 | Viral Transport Medium (VTM) | No. | ၂၉၅,၇၂၀ | ၂၇၅,၇၄၀ | ၁၉,၉၈၀ |

## ၈။ COVID-19 နှင့်ပတ်သက်၍ အရွယ်ရောက်ပြီးသော - မြန်မာလူမျိုးများ၏ရောဂါ အန္တရာယ်နှင့်ပတ်သက်သော သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများနှင့် ပတ်သက်သော အသိအမြင်ကို လေ့လာသော သုတေသနစာတမ်း

ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာ ပြည်သူလူထု၏ သိမြင်နားလည်မှု၊ သဘောပေါက်ထားသော ဖြစ်နိုင်သည့် အန္တရာယ်နှင့် ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်သော အသိအမြင်ကို လေ့လာနိုင်ရန် အတွက် သုတေသနတစ်ခုကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်ဦးဆောင်သော ဆရာ/ ဆရာမများနှင့် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့/ဆေးရုံအုပ်ချုပ်မှု ပညာမဟာဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများသည် **၂၀၂၀ ခုနှစ် မတ်လ (၃) ရက်မှ မတ်လ (၂၀)ရက် နေ့ထိ** ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါသုတေသနကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံဇရာနှင့် အောင်မင်္ဂလာအဝေးပြေး ကားဂိတ်၊ ဝမ်းတီးနှင့် မားမားခေါက်ဆွဲစက်ရုံ၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့ပေါ်ရပ်ကွက် (၄) ခုတို့ရှိ အသက် (၁၈)နှစ်နှင့် အထက်ရှိသော လူဦးရေ စုစုပေါင်း (၅၉၇) ယောက်တို့နှင့် မေးခွန်းများ ကို မေးမြန်းခြင်းအားဖြင့် ပြုလုပ်ခဲ့ပါသည်။

ဖြေဆိုသူများ၏ **၅၄ ရာခိုင်နှုန်း**သည် **အသက် ၂၁-၄၀ နှစ်**အတွင်းရှိသောသူများ ဖြစ်ပြီး **၆၃ ရာခိုင်နှုန်း**သည် ပညာအရည်အချင်းအားဖြင့် **အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်တက်** ရောက်နေသူများ ဖြစ်ပါသည်။

လူဦးရေစုစုပေါင်း (၅၉၇) ယောက်နှင့် တွေ့ဆုံမေးမြန်းပြီးနောက် ရရှိလာသော အဓိက သုတေသနတွေ့ရှိချက်များမှာ-

### COVID-19 နှင့်ပတ်သက်သော ဗဟုသုတများ (Knowledge)

- ဖြေဆိုသူများ၏ **၉၈ ရာခိုင်နှုန်း**သည် လတ်တလောဖြစ်ပွားနေသော COVID-19 ရောဂါ အကြောင်းကို ကြားဖူးသည်ဟု ဖြေဆိုသော်လည်း အဆိုပါလူဦးရေထဲမှ **၈၇ ရာခိုင်နှုန်း** သည် COVID-19 ရောဂါနှင့်ပတ်သက်သော ဗဟုသုတအနည်းငယ်သာရှိပါသည်။

- **၂၇ ရာခိုင်နှုန်း**သာလျှင် COVID-19 ကို ဖြစ်စေနိုင်သောအဓိကအကြောင်းအရင်း (Causal agent) ကို မှန်ကန်စွာဖြေဆိုနိုင်ပါသည်။
- ဖြေဆိုသူများ၏ **၆၇ ရာခိုင်နှုန်းခန့်**က COVID-19 သည် ချောင်းဆိုးခြင်း၊ နှာစေးခြင်း နှင့် စကားပြောခြင်းစသည်တို့မှထွက်သော အရည်၊ အစက်များကြောင့် ကူးစက်သည်ဟု ဖြေဆိုပြီး **၃၀ ရာခိုင်နှုန်း**ကသာ နီးကပ်စွာထိတွေ့ခြင်းကြောင့် ကူးစက်နိုင်သည်ဟု ဖြေဆိုပါသည်။
- လက်ကို မကြာခဏဆေးကြောခြင်းသည် ရောဂါပိုးကူးစက်ခြင်းကို ကာကွယ်နိုင်ကြောင်း သိနားလည်သူသည် မေးမြန်းခံရသူများ၏ **တစ်ဝက်ခန့် (၅၅ ရာခိုင်နှုန်း)** သာလျှင်ရှိပါသည်။
- လူထူထပ်သောနေရာများကို ရှောင်ကြဉ်ရမည်ဟု **၄၅ ရာခိုင်နှုန်း**က ဖြေဆိုပါသည်။
- ရောဂါပိုးရှိသူများနှင့်နီးကပ်စွာ နေထိုင်ခြင်းကို ရှောင်ကြဉ်ခြင်းသည် ရောဂါကူးစက်ခြင်းကို ကာကွယ်နိုင်ကြောင်းသိနားလည်သူသည် **၁၁ ရာခိုင်နှုန်းခန့်**သာရှိပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အဓိကရရှိသောနေရာဖြစ်ကြောင်းကို **၁၃ ရာခိုင်နှုန်း**က ဖြေဆိုပါ သည်။
- **၂၅ ရာခိုင်နှုန်း**သော ဖြေဆိုသူများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ယုံကြည်ရသော သတင်းအချက်အလက်များကိုပေးနိုင်သော အဓိကအရင်းအမြစ်ဖြစ် ကြောင်း ဖြေဆိုခဲ့ပါသည်။

**COVID–19 နှင့်ပတ်သက်၍ သိမြင်နားလည်ခြင်း (Perception)**

- အသွားအလာထိန်းချုပ်ကန့်သတ်ခြင်းသည် COVID-19 ကာကွယ်ရေးနှင့်ပတ်သက်၍ ကောင်းမွန်သော နည်းလမ်းဖြစ်ပါသလားဟုမေးမြန်းရာတွင် **၆၂ ရာခိုင်နှုန်းခန့်**သော ဖြေဆို သူများက သဘောတူညီမှု မရှိပါ။

- ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည် COVID-19 ကာကွယ်ရေးတွင် အရေးပါကြောင်း ကို ဖြေဆိုသူ၏ **၉၉ ရာခိုင်နှုန်း**က သဘောတူညီမှုရှိသည်။

**ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးမှု (Reported Protective Behaviors)**

- ဖြေဆိုသူများ၏ **၂၂ ရာခိုင်နှုန်း**သာလျှင် ကောင်းမွန်မှန်ကန်သော ရောဂါကာကွယ်ရေး နည်းလမ်းများကို ကျင့်သုံးသည်ဟု ဖြေဆိုပါသည်။
- လက်ကို မကြာခဏဆေးကြော (တစ်နေ့လျှင် ၅ ကြိမ်နှင့် အထက်) သည်ဟု ဖြေဆိုသူ **၄၅ ရာခိုင်နှုန်း**ရှိပါသည်။
- ချောင်းဆိုး၊ နှာချေစဉ်တွင် ဖုံးအုပ်ထားကြောင်းဖြေဆိုသူသည် **၄၇ ရာခိုင်နှုန်း** ရှိပါသည်။
- ကောင်းမွန်မှန်ကန်သော ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျင့်သုံးသည့် အလေ့ အထသည် ဧရာဝတီတိုင်းနှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် နေထိုင်သူများ သည် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သောသူများထက် လျော့နည်းကြောင်း တွေ့ရှိ ရပါသည်။

ဤသုတေသနအရ ပြည်သူလူထုအတွင်းတွင် COVID-19 နှင့်ပတ်သက်သောဗဟုသုတ၊ အသိပညာနှင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်စေသည့်နည်းလမ်းများ လိုက်နာကျင့်သုံးမှု နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

**ဤသုတေသနတွေ့ရှိချက်ပေါ်အခြေခံ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့် COVID-19 နှင့်ပတ်သက်၍ ပြည်သူများ၏ ဗဟုသုတ၊ သဘောထားအမြင်နှင့် လိုက်နာကျင့်သုံးမှု တိုးတက် ကောင်းမွန်လာစေရန်အတွက် ရပ်ကွက်၊ ကျေးရွာတိုင်း၌ လက်ကိုင်အသံချဲ့စက်များ၊ အသံချဲ့စက်များကိုအသုံးပြု၍ နေ့စဉ်(၅)ကြိမ် ကြေညာနှိုးဆော်ပေးရန်တိုက်တွန်းနေရခြင်း ဖြစ်ပါသည်။**

## ၉။ အထွေထွေ

(က) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဂုဏ်ထူးဆောင်ပါမောက္ခ ပါမောက္ခ ဒေါက်တာ ဖေသက်ခင်မှ ဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာမျိုးခင်မှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော အဖွဲ့ဝင် (၂၄)ဦး ပါဝင်သည့် **“ COVID-19 ကပ်ရောဂါ၏ နောက်ဆက်တွဲ ဖြစ်ပေါ် နိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များနှင့် ကျန်းမာရေးစနစ် အပေါ်သက်ရောက်မှုများကို ကြိုတင်မှန်းဆပြင်ဆင်ဆောင်ရွက်နိုင်ရေး အကြံပေးအဖွဲ့”** ကို (၂၇-၄-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါအဖွဲ့၏ တာဝန်နှင့် ဝတ္တရား များမှာ -

- COVID-19 ကပ်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့်အကျိုးဆက်များကို ခန့်မှန်း သုံးသပ်တွက်ချက်ရန်၊
- COVID-19 ကပ်ရောဂါကြောင့် ကျန်းမာရေးစနစ်အပေါ် သက်ရောက်မှုများကို ဘက် ပေါင်းစုံမှ စဉ်းစားသုံးသပ်ရန်၊
- အဆိုပါခန့်မှန်းသုံးသပ်ချက်အပေါ်မူတည်၍ ကြိုတင်ပြင်ဆင်သင့်သည့် အချက်များကို ရေတို၊ ရေရှည်ကာလအလိုက် အစီအစဉ်များရေးဆွဲနိုင်ရေး အကြံပြုတင်ပြရန်၊
- သက်ဆိုင်ရာစီမံချက်များအလိုက်၊ ဌာနခွဲများအလိုက်၊ ကြိုတင်ပြင်ဆင်ထားရမည့် သီးခြားအစီအစဉ်များနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာအကြံပြုတင်ပြရန်တို့ဖြစ်ပါသည်။

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ ပြည်နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြား ရေးမှူးများ ဦးဆောင်သော ဗဟိုအဆင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့နှင့် (Rapid Response Team)အဖွဲ့များကိုစေလွှတ်၍ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကြီးကြပ် ကူညီပံ့ပိုးပေးလျက်ရှိ ပါသည်။

(ဂ) ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးသုတေသနဦးစီးဌာန တို့တွင် COVID-19 ရောဂါပိုးကို Polymerase Chain Reaction (PCR) နည်းပညာဖြင့် စောင့်ကြည့်

လူနာ၊ အသွားအလာကန့်သတ်ကာစောင့်ကြည့်ခံရသူများနှင့် လူနာနှင့်အနီးကပ် ထိတွေ့သူများ ထံမှဓာတ်ခွဲနမူနာများကိုနေ့စဉ်ပိုမိုရယူပြီး ယခင်ကထက် တိုးမြှင့်စစ်ဆေးသွားရန် ဆောင်ရွက်လျက်ရှိပါသည်။ မန္တလေးမြို့ မော်လမြိုင်မြို့ တောင်ကြီးမြို့နှင့် လားရှိုးမြို့တို့ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲခန်းများတွင်လည်း အလားတူနည်းပညာဖြင့် COVID-19 ရောဂါပိုး ဓာတ်ခွဲစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)သည် (၁-၆-၂၀၂၀) ရက်နေ့မှစတင်၍ ဓာတ်ခွဲနမူနာများ စတင်စစ်ဆေးလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) ဓာတ်ခွဲခန်းသည်လည်း (၄-၆-၂၀၂၀) ရက်နေ့မှစတင်၍ ဓာတ်ခွဲနမူနာ စတင်စစ်ဆေးလျက်ရှိပါသည်။

(ဃ) COVID-19 ရောဂါပျောက်ကင်းသက်သာသွားသည့်သူများ၏ သွေးရည်ကြည်ကို အသုံးပြုထည့်သွင်း၍ COVID-19 ပိုးတွေ့လူနာများအား ကုသပေးနိုင်ရန်အတွက် COVID-19 နှင့်ပတ်သက်သည့် နိုင်ငံတကာကုထုံးများ၊ သုတေသနတွေ့ရှိချက်များ၊ ဆေးပညာကျင့်ဝတ်တို့ ပေါ်မူတည်၍ မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်ရန်သင့်တော်သည့် အခြေအနေများကို စဉ်းစားဆွေးနွေးသုံးသပ်၍ အကြံပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် သွေးရောဂါပညာဌာန၊ ပါမောက္ခ/ ဌာနမှူး (ငြိမ်း) ပါမောက္ခဒေါက်တာရဲမြင့်မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော **"ပြန်လည်သက်သာကောင်းမွန်သွားသော COVID–19 လူနာ၏ သွေးရည်ကြည်ဖြင့် COVID–19 ပိုးတွေ့လူနာများအား စမ်းသပ်ကုသနိုင်ရေးအတွက် Ad hoc အကြံပေးအဖွဲ့."** ကို (၁၆-၄-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

ယခုအချိန်ထိ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ရောဂါပြင်းထန်သော COVID-19 ရောဂါအတည်ပြုလူနာ(၈)ဦးကို COVID-19 ရောဂါပျောက်ကင်းသက်သာသွားသည့်သူများ၏ သွေးရည်ကြည်ကို အသုံးပြု၍ အထူးကုဆရာဝန်ကြီးများမှ ဝိုင်းဝန်းပူးပေါင်းကြပ်မတ်ကုသပေးခဲ့ရာ သက်သာပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပါသည်။

(င) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်သူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ Video Conferencing ပြုလုပ်ရာတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုနှင့် ပြောကြား

ချက်များကို စုစည်းထားပြီး မိမိတို့ဝန်ထမ်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(စ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဆေးသုတေသနဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ Blue Ocean Investment Limited နှင့် မိုဘိုင်းအော်ပရေတာများ (MPT, Telenor, Ooredoo, Mytel) ပူးပေါင်းကာ COVID -19 ရောဂါ ဆိုင်ရာ သိရှိလိုသည်များကို ပြည်သူများမှ အခမဲ့ ဖုန်းခေါ်ဆို မေးမြန်းနိုင်သော **National COVID–19 Call Center** ဖုန်းနံပါတ် "2019" အား (၈-၄-၂၀၂၀) ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ Cell Center မှတစ်ဆင့် COVID- 19 ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များကို လိုင်းခွဲနံပါတ် (၁) မှ (၅) အထိ စက်ဖြင့် အလိုအလျောက် ဖြေကြားပေးလျက်ရှိပြီး ပြည်သူများမှ လိုင်းခွဲနံပါတ် (၀) မှ တစ်ဆင့် တိုက်ရိုက် မေးမြန်းလာသည်များကိုလည်း ဆေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (MMA) တို့မှ ဆရာဝန်များနှင့် တာဝန်ရှိသူများက နေ့စဉ် နံနက် (၈) နာရီမှ ည (၈) နာရီအထိ ဖြေကြား ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဆ) ကမ္ဘာ့နိုင်ငံအများစုနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွားမှုသည် နည်းပါးနေသေးကြောင်း တွေ့ရှိရသော်လည်း-

- အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုလျက်ရှိသည့်နေရာများကို စနစ်တကျ စီမံခန့်ခွဲမှု မရှိလျှင်သော်လည်းကောင်း၊
- ပိုးတွေ့လူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်သူများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေဖော်ထုတ်ခြင်း မပြုနိုင်လျှင်သော်လည်းကောင်း၊
- ပြည်သူများ မိမိအိမ်တွင်သာ တတ်နိုင်သမျှ နေထိုင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေ ခန့်အကွာတွင် ခပ်ခွာခွာနေထိုင်ရန်စသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန် ချက်များကို တိကျစွာ မလိုက်နာလျှင်သော်လည်းကောင်း ရောဂါကူးစက်ပြန့်ပွားမှုသည် အချိန်တိုအတွင်း ပိုမိုများပြားလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကထုတ်ပြန်လျက်ရှိသည့် လမ်းညွှန်ချက်နှင့်အကြံပြုချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ၁၀။ ပြည်သူများ ဝင်ရောက်ကြည့်ရှုသင့်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ အင်တာနက်လိပ်စာ Link များ

**(က) Myanmar COVID-19 Surveillance Dashboard**

**Mobile View:** https://bit.ly/2W0cmeE

**Desktop View:** https://bit.ly/2KCvZnQ

**(ခ) မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပြ အစီရင်ခံစာများ (Situation Reports)**

https://mohs.gov.mm/page/9575

**(ဂ) ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် COVID-19 ဆိုင်ရာ ကျန်းမာရေးအသိပညာများ**

https://mohs.gov.mm/Main/content/publication/2019-ncov

**(ဃ) ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ**


https://mohs.gov.mm/Main/content/publication/2019-ncov

**(င) COVID-19 စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များ (၂၄-၁-၂၀၂၀) ရက်နေ့မှ (၁၃-၈-၂၀၂၀) ရက်နေ့အထိ** https://mohs.gov.mm/page/11921

**ပြည်ထောင်စုဝန်ကြီး၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ တိုက်ရိုက်လမ်းညွှန်မှုဖြင့် ညွှန်ကြားရေးမှူး (ပြည်ထောင်စုဝန်ကြီးရုံးခန်း)၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ကုသရေးဦးစီးဌာနနှင့် e-Health ဌာနခွဲတို့မှ တာဝန်ရှိသူများ ပြုစုထားခြင်းဖြစ်ပါသည်။**


# COVID-19 Cases in Myanmar

## (Total: 379, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Yangon Region)

## (Total: 268, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Bago Region)

**(Total: 9, as of: 19-8-2020, 8:00 AM)**




# COVID-19 Cases (Sagaing Region)

## (Total: 9, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Chin State)

**(Total: 17, as of: 19-8-2020, 8:00 AM)**




# COVID-19 Cases (Mandalay Region)

## (Total: 4, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Shan State - North)

## (Total: 3, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Shan State - East)

## (Total: 3, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Shan State - South)

## (Total: 4, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Naypyitaw Union Territory)

## (Total: 2, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Mon State)

**(Total: 2, as of: 19-8-2020, 8:00 AM)**




# COVID-19 Cases (Magway Region)

## (Total: 3, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Kachin State)

**(Total: 2, as of: 19-8-2020, 8:00 AM)**




# COVID-19 Cases (Kayin State)

## (Total: 29, as of: 19-8-2020, 8:00 AM)




# COVID-19 Cases (Tanintharyi Region)

**(Total: 2, as of: 19-8-2020, 8:00 AM)**



# COVID-19 Cases (Rakhine State)

**(Total: 20, as of: 19-8-2020, 8:00 AM)**



# COVID-19 Cases (Ayeyarwady Region)

## (Total: 2, as of: 19-8-2020, 8:00 AM)

